**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ဝါရှင်တန်မြို့**

## သာမန်မြန်မာနိုင်ငံကူးလက်မှတ်နှုန်းထား ပြောင်းလဲသတ်မှတ်ကြောင်း အသိပေးကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

၁။ မြန်မာသံရုံး၊ ဝါရှင်တန်မြို့သည် ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ် (MRP) များအား ကျသင့်ငွေ အမေရိကန်ဒေါ်လာ (၃၅) ကောက်ခံ၍ လျှောက်ထားချက်အလိုက် စိစစ်ထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစတင်၍ တစ်အုပ်လျှင် အမေရိကန်ဒေါ်လာ (၄၀) ဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံကူးလက်မှတ်သည် မြန်မာနိုင်ငံသားဖြစ်မှုနှင့် ပြည်ပခရီးသွားလာမှုအတွက် အရေးကြီးသည့် သက်သေခံအထောက်အထားဖြစ်သဖြင့် မပျောက်ဆုံးစေရန်အတွက် ဂရုပြု ကိုင်တွယ်ထိန်းသိမ်းရန် အသိပေးအပ်ပါသည်။ အကယ်၍ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ ပျက်စီးပါက စာအုပ်သစ်တန်ဖိုး အမေရိကန်ဒေါ်လာ (၄၀) နှင့် ဒဏ်ကြေး အမေရိကန်ဒေါ်လာ (၁၀၅) (စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၅) ပေးဆောင်ရမည်ဖြစ်ပြီး ဤသံရုံးမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစတင်၍ နိုင်ငံကူးလက်မှတ်ဆိုင်ရာ ကောက်ခံမည့်နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည် –

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ (အမေရိကန်ဒေါ်လာ) |
|---|---|---|
| (က) | နိုင်ငံကူးလက်မှတ်စာအုပ်အသစ် | ၄၀ |
| (ခ) | ဒဏ်ကြေး (ပျောက်ဆုံး/ပျက်စီး) | ၁၀၅ |
| (ဂ) | သက်တမ်းလွန်ဒဏ်ကြေး (၁ နှစ်) | ၁၅ |

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR ★ WASHINGTON ★

081

MEDC